| | ၁၂ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၃,၇၃၀.၀၂၄ | ၉,၂၄၉.၂၄၅ | -၅,၅၁၉.၂၂၁ | ၁,၂၈၈.၉၄၃ | ၆,၇၁၇.၀၂၂ | -၅,၄၂၈.၀၇၉ | ၃၄.၅၆% | ၇၂.၆၂% |
| | ၁၃ | လျှပ်စစ်နှင့်စွမ်းအင် | ၈၄၃.၈၅၂ | ၄၆,၇၅၄.၀၂၃ | -၄၅,၉၁၀.၁၇၁ | ၉၇၈.၅၈၉ | ၅၈,၁၈၀.၄၅၅ | -၅၇,၂၀၁.၈၆၆ | ၁၁၅.၉၇% | ၁၂၄.၄၄% |
| | ၁၄ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | | ၇၄၄.၂၇၁ | -၇၄၄.၂၇၁ | ၀.၀၀၅ | ၂၃၆.၈၂၁ | -၂၃၆.၈၁၆ | | ၃၁.၈၂% |
| | ၁၅ | စက်မှု | | ၁,၅၁၇.၆၂၈ | -၁,၅၁၇.၆၂၈ | ၄၂၁.၆၀၆ | ၉၇၆.၀၆၇ | -၅၅၄.၄၆၁ | | ၆၄.၃၂% |
| | ၁၆ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၂၈.၆၁၃ | ၃၉၇.၂၀၆ | -၃၆၈.၅၉၃ | ၂၉.၆၁၉ | ၄၀၁.၄၄၉ | -၃၇၁.၈၃၀ | ၁၀၃.၅၂% | ၁၀၁.၀၇% |
| | ၁၇ | ပညာရေး | ၅၅၇.၄၅၈ | ၄၅,၉၂၅.၇၂၅ | -၄၅,၃၆၈.၂၆၇ | ၁၈၁.၈၂၀ | ၄၅,၄၇၉.၁၆၀ | -၄၅,၂၉၇.၃၃၉ | ၃၂.၆၂% | ၉၈.၉၄% |
| | ၁၈ | ကျန်းမာရေးနှင့်အားကစား | ၇,၅၇၄.၁၉၉ | ၈၇,၄၇၄.၃၄၂ | -၇၉,၉၀၀.၁၄၃ | ၃,၆၃၆.၂၉၅ | ၇၃,၉၅၀.၅၁၂ | -၇၀,၃၁၄.၂၁၇ | ၄၈.၀၀% | ၈၄.၅၄% |
| | ၁၉ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၃,၂၁၂.၀၅၃ | ၁၁,၅၉၅.၃၄၃ | -၈,၃၈၃.၂၉၀ | ၃,၁၉၉.၆၁၈ | ၇,၂၁၀.၉၇၅ | -၄,၀၁၁.၃၅၇ | ၉၉.၆၁% | ၆၂.၁၉% |
| | ၂၀ | ဆောက်လုပ်ရေး | ၁၂,၅၇၁.၁၃၄ | ၁၁၇,၉၇၂.၄၆၇ | -၁၀၅,၄၀၁.၃၃၃ | ၈,၁၄၅.၁၅၉ | ၅၉,၉၂၂.၄၁၉ | -၅၁,၇၇၇.၂၆၀ | ၆၄.၇၉% | ၅၀.၇၉% |
| | ၂၁ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | | ၉၁၇.၃၈၄ | -၉၁၇.၃၈၄ | | ၉၂၀.၉၃၃ | -၉၂၀.၉၃၃ | | ၁၀၀.၃၉% |
| | ၂၂ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၇၄၂.၂၂၀ | ၇၆၅.၄၆၈ | -၂၃.၂၄၈ | ၁၆.၃၅၂ | ၂၃.၅၃၀ | -၇.၁၇၈ | ၂.၂၀% | ၃.၀၇% |
| | ၂၃ | တိုင်းရင်းသားလူမျိုးများရေးရာ | | ၁၁၆.၁၀၅ | -၁၁၆.၁၀၅ | | ၁၉၂.၃၁၄ | -၁၉၂.၃၁၄ | | ၁၆၅.၆၄% |
| | ၂၄ | အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး | | | | | | | | |
| | | **စုစုပေါင်း** | ၃၀,၂၀၄.၅၄၀ | ၈၆၄,၆၁၁.၀၅၄ | -၈၃၄,၄၀၆.၅၁၄ | ၅၀,၃၀၃.၁၀၉ | ၉၉၀,၆၃၃.၂၅၈ | -၉၄၀,၃၃၀.၁၄၉ | ၁၆၁.၂၀% | ၁၁၄.၅၈% |

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လအတွက် ဒုတိယ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလကုန်အထိ)

## ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | ဝန်ကြီးဌာန၊ဦးစီးဌာနများ | | | | | | | | |
| | ၁ | နိုင်ငံခြားရေး | | | | | | | | |
| | ၂ | သမ္မတရုံး | | | | | | | | |
| | ၃ | ပြည်ထဲရေး | ၄၀,၉၁၅.၈၇၅ | | +၄၀,၉၁၅.၈၇၅ | ၇၉,၃၂၇.၈၂၅ | | +၇၉,၃၂၇.၈၂၅ | ၁၉၃.၈၈% | |
| | ၄ | ကာကွယ်ရေး | | ၃,၂၀၀.၇၆၅ | -၃,၂၀၀.၇၆၅ | | ၁,၃၂၃.၁၃၁ | -၁,၃၂၃.၁၃၁ | | ၄၁.၃၄% |
| | ၅ | နယ်စပ်ရေးရာ | | | | | | | | |
| | ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | | | | | | | | |
| | ၇ | ပြန်ကြားရေး | | | | | | | | |
| | ၈ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | | | | | | | | |
| | ၉ | သာသနာရေးနှင့်ယဉ်ကျေးမှု | | | | | | | | |
| | ၁၀ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | ၁၀၈,၇၂၀.၉၅၉ | ၄၆,၉၁၉.၈၀၆ | +၆၁,၈၀၁.၁၅၃ | ၁၀၃,၅၉၅.၁၅၃ | ၄၉,၀၉၈.၇၅၂ | +၅၄,၄၉၆.၄၀၁ | ၉၅.၂၉% | ၁၀၄.၆၄% |
| | ၁၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၀,၄၃၆.၉၄၀ | ၂,၄၄၉.၁၂၆ | +၇,၉၈၇.၈၁၄ | ၆,၂၀၀.၄၁၃ | ၂,၆၇၇.၇၃၁ | +၃,၅၂၂.၆၈၂ | ၅၉.၄၁% | ၁၀၉.၃၃% |
| | ၁၂ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | | | | | | | | |
| | ၁၃ | လျှပ်စစ်နှင့်စွမ်းအင် | ၁၁,၈၉၉.၁၄၈ | ၁၄,၉၃၈.၁၅၅ | -၃,၀၃၉.၀၀၇ | ၈,၂၅၄.၄၇၆ | ၁၂,၉၆၀.၉၉၈ | -၄,၇၀၆.၅၂၂ | ၆၉.၃၇% | ၈၆.၇၆% |
| | ၁၄ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | | | | | | | | |
| | ၁၅ | စက်မှု | ၆၂၀.၀၀၀ | | +၆၂၀.၀၀၀ | | | | | |
| | ၁၆ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၃၅၈.၃၂၃ | ၅၀.၀၀၀ | +၃၀၈.၃၂၃ | ၂၅၄.၆၈၂ | ၅၀.၀၀၀ | +၂၀၄.၆၈၂ | ၇၁.၀၈% | ၁၀၀.၀၀% |
| | ၁၇ | ပညာရေး | ၄,၅၅၄.၇၀၁ | | +၄,၅၅၄.၇၀၁ | ၂,၀၆၆.၇၃၈ | | +၂,၀၆၆.၇၃၈ | ၄၅.၃၈% | |
| | ၁၈ | ကျန်းမာရေးနှင့်အားကစား | ၃,၅၂၄.၈၃၂ | | +၃,၅၂၄.၈၃၂ | ၂၃၈.၅၁၁ | | +၂၃၈.၅၁၁ | ၆.၇၇% | |
| | ၁၉ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၃၀၃,၈၃၀.၈၀၃ | ၅၂,၂၃၈.၂၃၁ | +၂၅၁,၅၉၂.၅၇၂ | ၁၉,၁၇၄.၈၆၃ | ၄၄,၅၇၇.၃၂၅ | -၂၅,၃၈၂.၄၆၂ | ၆.၃၁% | ၈၅.၃၀% |
| | ၂၀ | ဆောက်လုပ်ရေး | ၆၉,၃၉၃.၂၀၃ | | +၆၉,၃၉၃.၂၀၃ | ၂၁,၈၆၄.၂၃၅ | ၂၄,၉၉၉.၉၇၀ | -၃,၁၃၅.၇၃၅ | ၃၁.၅၁% | |
| | ၂၁ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | | | | | | | | |
| | ၂၂ | ဟိုတယ်နှင့်ခရီးသွားလာရေး | | | | | | | | |
| | ၂၃ | တိုင်းရင်းသားလူမျိုးများရေးရာ | | | | | | | | |
| | ၂၄ | အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး | | | | | | | | |
| | | စုစုပေါင်း | ၅၅၄,၂၅၅.၇၈၄ | ၁၁၉,၇၉၆.၀၈၃ | +၄၃၄,၄၅၉.၇၀၁ | ၂၄၀,၉၇၆.၈၉၆ | ၁၃၅,၆၆၇.၉၀၇ | +၁၀၅,၃၀၈.၉၈၉ | ၄၃.၄၈% | ၁၁၃.၂၅% |

## ပြည်ထောင်စုဝန်ကြီးဌာန ၊ ဦးစီးဌာနများ၏
## ၂၀၁၈ ခုနှစ် ၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက် ဒုတိယ(၃)လပတ်
## လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ သာမန်ရငွေပိုင်းတွင် ဒုတိယ(၃)လပတ်လျာထားချက် ကျပ် ၂,၁၈၉,၂၂၂.၅၈၉ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂,၀၈၂,၆၉၈.၂၉၃ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၅.၁၃ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၂,၂၀၉,၀၅၆.၆၁၀ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁,၇၅၈,၉၃၂.၂၂၈ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၇၉.၆၂ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် ရေရောင်းရငွေ၊ လယ်ယာသုံးစက်ကိရိယာရောင်းချရငွေ၊ မြေငှားရမ်းခရငွေ၊ အထွက်ကောင်းသီးနှံမျိုးစေ့ရောင်းချရငွေများ ရရှိခြင်းနှင့် Australian Center for International Agricultural Research (ACIAR)၊ Korea Project on International Agriculture(KOPIA) နှင့် ဒိန်းမတ်-မြန်မာစီမံကိန်းများမှ ပြည်ပအကူအညီရငွေများပိုမိုရရှိခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် ရေယာဉ်အကောက်စခန်းများတွင် ဖြတ်သန်းခရငွေများ၊နယ်နိမိတ်ဖြတ်ကျော်ပျံသန်းခရငွေများ၊ ပြည်ပတင်သွင်းယာဉ်များ အချိန်မီလာရောက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် ဒဏ်ကြေးငွေများ၊ မော်တော်ဆိုင်ကယ် ကနဦးမှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်သော ယာဉ်စီးရေ၊ နှစ်လဲမှတ်ပုံတင်ယာဉ်စီးရေနှင့် ယာဉ်မောင်း လိုင်စင်စောင်ရေများ ပြားလာခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ရတနာ၊ ရဲတံခွန်နှင့် ဇောတိကစီမံကိန်းများမှ Well Head Price ပိုမိုရရှိခဲ့ခြင်းကြောင့် Royalty ပိုမိုရရှိခြင်းနှင့်သောက်ရေခပ်(၂)စီမံကိန်းအတွက်စေ့ရောက်သော အတိုးအား ရွှေစွမ်းအင်ကုမ္ပဏီမှပြန်လည်ပေးသွင်းခြင်း၊ အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတွင် နယ်စပ်ဖြတ်သန်းခများ၊ နယ်စပ်ဖြတ်သန်းခွင့်စာအုပ်(BP/ TBP) ရောင်းချရငွေများ၊ ပြည်ဝင်ဗီဇာခများ၊ နိုင်ငံသားကဒ်ပြုလုပ်ခြင်းအခငွေများ၊ ဆိုင်ခန်းငှားရမ်းခရငွေများ၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးခြင်းနှင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်သည့် အလုပ်သမားများထံမှရရှိသည့် မှတ်ပုံတင်ကြေးနှင့်ဒဏ်ကြေးရငွေများ ပိုမိုရရှိခြင်း၊ ပြည်ပမှ ဗီဇာအမျိုးမျိုးဖြင့် လာရောက်သူများပြားခြင်း၊ နိုင်ငံခြားသား မှတ်ပုံတင်ခများ ပိုမိုရရှိခြင်း၊ စက်မှုဝန်ကြီးဌာနတွင် လုပ်ငန်းလုပ်ကိုင်

သူများထံမှ လိုင်စင်ခ၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခရငွေများနှင့် ဝင်းသူဇာဆိုင် အဆောက်အဦ ငှားရမ်းခြင်းမှရငွေများပိုမိုရရှိခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် လမ်းအသုံးပြုခများ၊ မြေနှင့်အဆောက်အဦ ငှားရမ်းခများ၊ တံတားများအပေါ် ပိုက်လိုင်းဖြတ်သန်းခရငွေများ၊ မြေတိုင်းခနှင့် မြေပုံရာဇဝင်ကူးခများပိုမိုရရှိခြင်း၊ မြေအသုံးချမှု ပရီမီယံကြေးများ၊ သီလဝါဆိပ်ကမ်းမှ ရေဖိုးရေခများပေးသွင်းလာခြင်းနှင့် မြေငှားရမ်းခ ပေးဆောင်ရန်နှင့် အဆောက်အဦဆောက်လုပ်ပြီးစီးရန် နောက်ကျခြင်းတို့ကြောင့် ဒဏ်ကြေးငွေများပိုမိုရရှိခြင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတွင် Royalty Fees များ ပိုမိုရရှိလာခြင်း၊ ဟိုတယ်များ၏ ငှားရမ်းခရငွေမှာ ငွေလဲလှယ်နှုန်းမြင့်တက်လာခြင်းကြောင့် ပိုမိုရရှိခြင်း၊ Lux Dev က ရရှိသော ပြည်ပအကူအညီရငွေသည် ယူရိုငွေ လဲလှယ်နှုန်းတိုးမြှင့်လာခြင်းကြောင့် လျာထားချက်ထက် ပိုမိုရခြင်း။

(၂) **သာမန်ရငွေလျော့နည်းရရှိမှု။** နိုင်ငံခြားရေးဝန်ကြီးဌာနတွင် နိုင်ငံတော်ကြီးထောက်ခံချက် ပြုလုပ်ပေးရမှု နည်းပါးခြင်း၊ ပြည်ပရောက် မြန်မာနိုင်ငံသားများအတွက် ထောက်ခံချက် ပြုလုပ်ပေးရမှု လျော့နည်းခြင်း၊ ကာကွယ်ရေးဝန်ကြီးဌာနတွင် မြေနှင့်အဆောက်အဦငှားရမ်းခရငွေများ လျော့နည်းခြင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် သတ္တုလုပ်ကွက်အသစ် ထပ်မံချထားပေးမှုမရှိခြင်းနှင့် အချို့ သတ္တုလုပ်ကွက်များပိတ်သိမ်းခြင်းတို့ကြောင့် ဓါတ်သတ္တုခွန် လျော့နည်းခြင်း၊ လုပ်ငန်းများအချိန်မီဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် ပြည်ပအကူအညီရငွေ လျော့နည်းရခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် ကျောင်းလခ/ သင်တန်းကြေးနှင့် မှတ်ပုံတင်ကြေးလျော့နည်းရရှိခြင်း၊UNICEF မှ ထောက်ပံ့ငွေများ မရရှိသေးခြင်း၊ အခြေခံစာတတ်မြောက်ရေး၊ ဘဝတစ်သက်တာ ပညာရေးနှင့် ကျောင်းပြင်မှုဝါဒအစီအစဉ်ရေးဆွဲခြင်းဆိုင်ရာဆွေးနွေးပွဲများအတွက် ပြည်ပအကူအညီရငွေများ အပြည့်အဝမရရှိသေးခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင်ပြည်ပအကူအညီရငွေများလျော့နည်းရရှိခြင်း၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် UNICEF နှင့် UNFPA တို့မှ ထောက်ပံ့ငွေ လျော့နည်းရရှိခြင်းကြောင့် လျော့နည်းရခြင်း။

(၃) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် လစာနှုန်းထားများနှင့် နေ့စားလုပ်အားခများ တိုးမြှင့်ပေးခြင်း၊ ဓာတ်ဆီ၊ ချောဆီဈေးနှုန်းများ တိုးမြှင့်လာခြင်း၊ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်

အပ်ဟုန်ဖြင့် ဆောင်ရွက်နိုင်ခြင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် လစာငွေတိုးမြှင့်ခြင်း၊ အရာထမ်းများ ခရီးထွက်ဆောင်ရွက်ရသည့် လုပ်ငန်းများ အကြိမ်ရေများပြားခြင်း၊ (၉၀)နှစ်နှင့်အထက် အဘိုးအဘွားများအား ထောက်ပံ့ပေးရသည့် ဦးရေများပြားလာခြင်းနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ အသစ်ဖွဲ့စည်းသော အဖွဲ့အစည်းဖြစ်၍ ပိုမိုရခြင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် လစာနှုန်းထားများတိုးမြှင့်ခဲ့ခြင်း၊ ပြည်တွင်းသင်တန်းများ၊ Lux Devမှ ဖွင့်လှစ်သည့် သင်တန်းများသို့ နယ်ရုံးများမှ တက်ရောက်ရခြင်း၊ ပြည်ပဆွေးနွေးပွဲများသို့ ဝန်ထမ်းများ သွားရောက်ရခြင်း၊ ပစ္စည်းများဝယ်ယူရာ၌ Lux Devမှ ရရှိသော ပြည်ပအကူအညီရငွေမှာ ယူရိုငွေလဲလှယ်နှုန်းတိုးမြင့်ခြင်းနှင့် နယ်ရုံးခွဲများမှ စာရင်းစစ်ဆေးရန်လာရောက်သည့် ဝန်ထမ်းများအား ကျွေးမွေးခဲ့ရခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုသုံးစွဲရခြင်း။

(၄) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ပြည်ထောင်စုဝန်ကြီးလစာအား ထည့်သွင်းလျာထားခဲ့သော်လည်း ပြည်ထောင်စုဝန်ကြီးမှ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ စရိတ်ချီးမြှင့်ငွေကိုသာခံစားခြင်း၊ ဝန်ထမ်းသစ်များ အပြည့်အဝခန့်ထားနိုင်မှုမရှိခြင်းနှင့် ပြည်ထောင်စုဝန်ကြီး၏ ပြည်တွင်းခရီးစရိတ်များအား နိုင်ငံတော်အတိုင်ပင်ခံရုံး၏ အသုံးစရိတ်မှသာ ကျခံသုံးစွဲခဲ့ခြင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတွင် ပစ္စည်းများဝယ်ယူခြင်း ၊ ဆောင်ရွက်ပေးခြင်းတို့အတွက် ကုန်ကျစရိတ်နှင့် လုပ်အားခ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်၊ ပညာရေးနှင့်လူမှုရေးအသုံးစရိတ်တို့တွင် လျော့နည်းသုံးစွဲခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ပြည်တွင်း/ ပြည်ပခရီးစဉ်များ သွားရောက်မှုနည်းပါးခြင်း၊ ရုံးသုံးစက်ကိရိယာ၊ အဆောက်အဦနှင့် အခြားပြင်ဆင်ထိန်းသိမ်းစရိတ်များ စိစစ်သုံးစွဲခဲ့ခြင်း၊ သင်တန်းများဖွင့်လှစ်နိုင်မှုမရှိခြင်း၊ မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း(MDI)မှ လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှုမရှိခြင်း၊ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲငွေများသည် သုံးစွဲသည့် ဌာနများတွင်သာ အသုံးစရိတ် စာရင်းတင် ဖော်ပြရခြင်း၊ အစိုးရငွေတိုက်လက်မှတ်နှင့် အစိုးရငွေတိုက် စာချုပ်များအတွက် အတိုးပေးချေခြင်းအား ပထမ(၃)လပတ်အတွင်း ပေးချေ ခဲ့ခြင်းနှင့် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် Budget Support အတွက် ထောက်ပံ့ခြင်း ခေါင်းစဉ်အောက်ရှိ European Union ထောက်ပံ့ငွေနှင့် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ထောက်ပံ့ပေးရန် ကျန်ရှိနေခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် ဒုတိယ (၃)လပတ်လျာထားချက် ကျပ် ၃၀,၂၀၄.၅၄၀ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၅၀,၃၀၃.၁၀၉ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၆၁.၂၀ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၈၆၄,၆၁၁.၀၅၄ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၉၉၀,၆၃၃.၂၅၈ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၁၄.၅၈ ဖြစ်ပါသည်။ ငွေလုံးငွေရင်း ရငွေ၊ သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** ပြန်ကြားရေးဝန်ကြီးဌာနတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရေကူစက်ရုံဝန်းအတွင်းရှိ (၈)ခန်းတွဲ အဆောက်အဦဟောင်း ဖျက်သိမ်းခြင်းမှ ရငွေများနှင့် JICA အဖွဲ့အစည်းမှ ရုပ်မြင်သံကြားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် အရေးပေါ်ရန်ပုံငွေမှ ထပ်မံရရှိပါသဖြင့် ပိုမိုရခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် NICHE (Natherland Initiatipe for Capacity Development in Higher Education၊ ISSD( Intigrated Seed Sector Development)၊ ACIAR(Australian Center for International Agricultural Research) အဖွဲ့အစည်းတို့မှ ပြည်ပအကူအညီရငွေ လျာထားချက်ထက် ပိုမိုရရှိခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် CNPC ကုမ္ပဏီမှ ပစ္စည်းများ ပေးသွင်းလာခြင်းကြောင့် ပြည်ပအကူအညီရငွေ ပိုမိုရရှိခြင်းနှင့် BOT စနစ်ဖြင့်ဆောင်ရွက်သည့် ဘီလူးချောင်း(၃)ရေအားလျှပ်စစ်စီမံကိန်းအတွက် ဌာနမှ စိုက်ထုတ်ပေးချေခဲ့သည့် Down Payment အပေါ် ပဋ္ဌမအရစ်အား အနာဂတ်စွမ်းအား ကုမ္ပဏီလီမိတက်မှ ပြန်လည်ပေးသွင်းခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုရခြင်း။

(၂) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းအချို့မှာ ရန်ပုံငွေလွှဲပို့မှုမရှိခြင်းနှင့် နောက်ကျခြင်းတို့ကြောင့် ပြည်ပအကူအညီရငွေ အပြည့်အဝမရရှိခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် အဆောက်အဦများ လေလံတင်ရောင်းချရငွေနှင့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများရောင်းချရငွေများ လျော့နည်းရရှိခြင်း၊ ဆယ်တင်ပစ္စည်းရောင်းချရငွေများလျော့နည်းရရှိခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေးရန်ပုံငွေ (CDF) အတွက်

ဒိန်းမတ်အကူအညီပေးငွေများ အပြည့်အဝမရရှိခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေဖြင့် ဆေးရုံအဆင့်မြှင့်တင်ခြင်း စီမံချက် စာရင်းတင်ဆောင်ရွက်ရန် လျာထားသော်လည်း လျာထားသည့်အတိုင်းမရရှိခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် အိန္ဒိယအကူအညီဖြင့် ဆောင်ရွက်သော ကလေး၊ ကျီကုန်း၊ တမူးလမ်းပေါ်ရှိ တံတား (၆၉)စင်းအတွက် စက်ပစ္စည်းများ သယ်ယူနိုင်ရန် ခွင့်ပြုချက်ရရှိရေး ဆောင်ရွက်ဆဲဖြစ်၍ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုမရှိသေးခြင်း၊ ADB အကူအညီဖြင့် ဆောင်ရွက်သည့် Civil Work လုပ်ငန်းများအတွက် ငွေမပေးချေရသေးခြင်း၊ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ADB အကူအညီဖြင့် ဆောင်ရွက်သောလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်မှုမရှိခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(၃) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** ပြည်ထဲရေးဝန်ကြီးဌာနတွင် ရုံးသုံးစက်ကိရိယာများ၊ရုံးသုံးပရိဘောဂများ၊ အခြားရုံးသုံးပစ္စည်းများအား ဒုတိယ(၃)လပတ်အတွင်းမှသာ တင်ဒါစနစ်ဖြင့် ဝယ်ယူရခြင်း၊ ကာကွယ်ရေးဝန်ကြီးဌာနတွင် အဆောက်အဦလုပ်ငန်းများတွင် ပထမ(၃)လပတ်တွင် မပြီးပြတ်သည့်လုပ်ငန်းများကို အပြီးသတ်ဆောင်ရွက်ခဲ့ခြင်းကြောင့် ပိုမိုရခြင်း၊ ပြန်ကြားရေးဝန်ကြီးဌာနတွင် ဂျပန်အစိုးရမှ ထောက်ပံ့သည့် မြန်မာ့ရုပ်မြင်သံကြားသုံး စက်ပစ္စည်းများဖြစ်သော သံစုံတီးဝိုင်းပစ္စည်းများအတွက် အရေးပေါ်ရန်ပုံငွေမှ ထပ်မံရရှိခြင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတွင် တည်ဆောက်ရေးနှင့် အဆောက်အဦပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများအတွက် အသုံးစရိတ်များကို ဒုတိယ(၃)လပတ်တွင်မှသာ ပေးချေခဲ့ခြင်း၊ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)အဆောက်အဦအဟောင်း ပြင်ဆင်/မွမ်းမံခြင်းလုပ်ငန်းအတွက် လက်ကျန်ငွေပေးချေခြင်းနှင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၏ Landscaping လုပ်ငန်းအတွက် အသုံးစရိတ်များ ပေးချေခဲ့ခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် နိုင်ငံခြားငွေ၊ ပြည်တွင်းကျပ်ငွေများဖြင့် စာချုပ်ချုပ်ဆိုဝယ်ယူထားသော ဓါတ်အားခွဲရုံများနှင့် ဓါတ်အားလိုင်းပစ္စည်းများကို ကုမ္ပဏီများမှ ပစ္စည်းများပေးသွင်းနိုင်ခြင်းနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲခြင်းတို့ကြောင့် ပိုမိုရခြင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတွင် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အသုံးစရိတ်ပေးချေမှုနှင့် စက်ပစ္စည်းဝယ်ယူခြင်းတို့ကို ဒုတိယ (၃) လပတ်မှသာ ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုရခြင်း။

(၄) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် နိုင်ငံ့ဝန်ထမ်းများ လစာနှုန်းတိုးမြှင့်ခဲ့သဖြင့် လစာလိုငွေများအတွက် ငွေလုံးငွေရင်းအသုံးစရိတ်မှ ညွှန်ကြားချက်အရ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခဲ့ခြင်းကြောင့် လျော့နည်းရခြင်း၊ စက်မှုဝန်ကြီးဌာနတွင် ရုံးသုံးပရိဘောဂများ ဈေးနှုန်းစိစစ်ချက်များကြောင့် လျော့နည်းရခြင်း၊ စက်မှုသင်တန်းကျောင်း(သထုံ) မြေနေရာရှင်းလင်းခြင်း၊ ရုံးချုပ် လျှပ်စစ်မီးနှင့် ဆားဖစ်ကြိုးပြင်ဆင်လဲလှယ်ခြင်းတို့တွင် တိုင်းဒေသကြီး ဈေးနှုန်းဖြင့် စိစစ်ခြင်း၊ ADB ချေးငွေဖြင့် ဆောင်ရွက်မည့် စက်ပစ္စည်းများ ဝယ်ယူနိုင်မှုမရှိခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် Mini Data Center အတွက် Network ချိတ်ဆက်ခြင်း၊ Switches, Modems, Generator နှင့် Transformer များ MDC တွင် တစ်ပါတည်းပါဝင်သည့်အတွက် သီးခြားကျခံသုံးစွဲရန်မလိုခြင်း၊ ICT သင်တန်းများအား လုပ်ငန်းဆောင်ရွက်သော ကုမ္ပဏီမှ ပို့ချပေးသဖြင့် သီးခြားကျခံသုံးစွဲရန် မလိုခြင်း၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်း စီမံကိန်းအသုံးစရိတ်အဖြစ် ကျခံသုံးစွဲသော အသုံးစရိတ်များမှ Procurement Law ပြင်ဆင်လျှက်ရှိခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် ချေးငွေဖြင့်ဆောင်ရွက်မည့်လုပ်ငန်းများမှာ မိုးရာသီကာလဖြစ်၍ လျာထားသည့်အတိုင်း ဆောင်ရွက်နိုင်မှုမရှိခြင်း၊ စိစစ်ပြီး ခန့်မှန်းခြေတန်ဖိုး ပြောင်းလဲသွားခြင်း၊ Survey Data မမှန်ကန်ခြင်းကြောင့် လုပ်ငန်းမစတင်နိုင်ခြင်း၊ သာကေတတံတားမှာ လုပ်ငန်းပမာဏ ပြောင်းလဲလျော့နည်းသွားခြင်း၊ ဒလတံတားတည်ဆောက်ရေးလုပ်ငန်းမှာ Design ပြောင်းလဲဆောင်ရွက်ရခြင်း၊ လမ်းအတည်ပြုချက်အရ လျော်ကြေးပေးချေရန် မလိုအပ်ခြင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ဝန်ထမ်းများ လစာနှုန်းတိုးမြှင့်လာခြင်းအတွက် ငွေလုံးငွေရင်းအသုံးစရိတ်မှ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခဲ့ခြင်းကြောင့် ပရိဘောဂများ လျာထားသည့်အတိုင်း ဝယ်ယူနိုင်မှုမရှိခြင်းနှင့် စက်ပစ္စည်းဝယ်ယူရာတွင် မူလဈေးနှုန်းထက် ပိုမိုသက်သာခဲ့ခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ကြွေးမြီရငွေပိုင်းတွင် ဒုတိယ(၃)လပတ်လျာထားချက် ကျပ် ၅၅၄,၂၅၅.၇၈၄ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၄၁,၉၇၆.၈၉၆ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၄၃.၄၈ ဖြစ်ပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် ဒုတိယ (၃)လပတ် လျာထားချက်

ကျပ် ၁၁၉,၇၉၆.၀၈၃ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၃၅,၆၆၇.၉၀၇ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၁၃.၂၅ ဖြစ်ပါသည်။ ကြွေးမြီ ရငွေ၊ သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ကြွေးမြီရငွေပိုမိုရရှိမှု။** ပြည်ထဲရေးဝန်ကြီးဌာနတွင် ပိုလန်နိုင်ငံ ချေးငွေဖြင့် ခေတ်မီအဆင့်မြင့် မီးငြိမ်းသတ်ရေနှင့် ရာဖွေကယ်ဆယ်ရေးယာဉ်များ၊ မီးသတ်အထောက်အကူပြုပစ္စည်းများ၊ စက်ကိရိယာများနှင့် ဆက်စပ်ပစ္စည်းများ ရရှိမှုအပေါ် ပေးချေရန်ဖြစ်ပြီး ပစ္စည်းရောက်ရှိဆဲကာလဖြစ်၍ ပေးချေရခြင်းကြောင့် ကြွေးမြီရငွေပိုမိုရရှိခြင်း။

(၂) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်မည့် AIRBM Project တွင် PMU Building (၃)ထပ်ဆောင် ဆောက်လုပ်ခြင်းအတွက် ငွေပေးချေရန် ကျန်ရှိခြင်း၊ NIRAS SI (System Indicator)အတွက် ငွေပေးချေရန် ကျန်ရှိခြင်းနှင့် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်သည့် Universal Service Fundလုပ်ငန်းအတွက် ရန်ပုံငွေထည့်ဝင်ရန် လျာထားခဲ့သော်လည်း အကြံပေးငှားရမ်းခြင်းလုပ်ငန်းသာ ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတွင် BOT စနစ်ဖြင့် ဆောင်ရွက်သော သောက်ရေခပ် (၂)စီမံကိန်းအတွက် စာချုပ်အရ ချေးငွေအပေါ်အရင်းကို ရွှေစွမ်းအင်ကုမ္ပဏီ လီမိတက်မှပေးသွင်းခဲ့ခြင်းမရှိ၍ လျော့နည်းရခြင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် မြန်မာနိုင်ငံသားများဘဏ်တွင် ထည့်ဝင်ထားသော အစုရှယ်ယာ အမြတ်ဝေစုကို ၆% ရရှိမည်ဟု လျာထားခဲ့သော်လည်း ၄% သာ ရရှိခြင်း၊ ကမ္ဘာ့ရတနာဘဏ်အတွက် အမြတ်ဝေစုရငွေမှာ နှစ်ပတ်လည်အစည်းအဝေး မပြုလုပ်ရသေးခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် EYE (Equipping Youth for Employment Sector Development) Project အတွက် ပညာရေးဝန်ကြီးဌာနကိုယ်စားပြု ပညာရေးသုတေသန၊စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် ADB တို့ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ် အသေးစိတ်များ ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ADB မှ ချေးငွေများမရရှိသေးခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် Mini Data Center အတွက် Network ချိတ်ဆက်ခြင်း၊ Switches, Modems, Generator နှင့် Transformer များ MDC တွင် တစ်ပါတည်းပါဝင်သည့်အတွက် သီးခြား

ကျခံသုံးစွဲရန်မလိုခြင်း၊ ICT သင်တန်းများအား လုပ်ငန်းဆောင်ရွက်သော ကုမ္ပဏီမှ ပို့ချပေးသဖြင့် သီးခြားကျခံသုံးစွဲရန်မလိုခြင်း၊ Budget Support (DPO) Development Policy Operation အတွက် ချေးငွေမရရှိသေးခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် ချေးငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများသည် မိုးရာသီကာလဖြစ်၍ လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်း လျော့နည်းပြီး ငွေထုတ်ယူနိုင်မှုမရှိသေးခြင်း၊ Survey Data မမှန်ကန်ခြင်းကြောင့် လုပ်ငန်းမစတင်နိုင်ခြင်း၊ EDCF ချေးငွေဖြင့် ဆောင်ရွက်သော ကိုရီးယား-မြန်မာ ချစ်ကြည်ရေး (ဒလတံတား) ဒီဇိုင်းပြင်ဆင်ရေးဆွဲရခြင်း၊ Consultant Fee နှင့် Construction Fee သုံးစွဲမှုမရှိသေးခြင်း၊ World Bank ချေးငွေဖြင့် ဆောင်ရွက်သည့် ရေကြီးရေလျှံနှင့် မြေပြိုမှုများအတွက် အရေးပေါ်ပြန်လည်ထူထောင်ရေးစီမံကိန်းအား မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆောင်ရွက်နိုင်မှုမရှိသေးခြင်းတို့ကြောင့် ကြွေးမြီရငွေ လျော့နည်းရခြင်း။

(၃) **ကြွေးမြီသုံးငွေလျော့နည်းသုံးစွဲမှု။** ကာကွယ်ရေးဝန်ကြီးဌာနတွင် စက်ရုံ(၄)ရုံ၏ အိန္ဒိယချေးငွေ၊ ဂျပန်ချေးငွေနှင့် တရုတ်ချေးငွေ ပြောင်းလဲမှုအတွက် ပေးဆပ်ရန် အချိန်စေ့ရောက်မှုမရှိသေးခြင်းကြောင့် လျာထားချက်ထက် လျော့နည်းသုံးစွဲရခြင်း။

၂။ ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက် ဒုတိယ(၃)လပတ် လျာထားချက် ရငွေ၊ သုံးငွေများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ပတ်သက်၍ အောက်ပါအတိုင်း ခြုံငုံသုံးသပ် တင်ပြအပ်ပါသည်-

(က) ရငွေပိုင်းတွင် သာမန်ရငွေရရှိမှု ၉၅.၁၃ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၁၆၁.၂၀ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၄၃.၄၈ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်း ရငွေရရှိမှုမှာ ၈၅.၅၆ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်ရငွေပိုင်းတွင် လျာထားချက်နှင့် အနီးစပ်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ငွေလုံးငွေရင်းရငွေပိုင်းတွင် လျာထားချက်ကို ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကြွေးမြီရငွေပိုင်းတွင်လျာထားချက်ပြည့်မီရန်လိုအပ်ကြောင်းတွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၇၉.၆၂ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်း အသုံးစရိတ် ၁၁၄.၅၈ ရာခိုင်နှုန်း၊ ကြွေးမြီအသုံးစရိတ် ၁၁၃.၂၅ ရာခိုင်နှုန်း ဖြစ်သဖြင့် စုစုပေါင်း အသုံးစရိတ် ၉၀.၃၅ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် လျာထားချက် ပြည့်မီရန်လိုအပ်ပြီး ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ကြွေးမြီအသုံးစရိတ်ပိုင်းတွင် လျာထားချက်ကို ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။

### ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လအတွက် ဒုတိယ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလကုန်အထိ)
### ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း
### (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၂၂,၅၀၉.၁၄၀ | ၉,၅၉၃.၅၄၅ | +၁၂,၉၁၅.၅၉၅ | ၃၀,၈၉၅.၄၅၇ | ၇,၆၆၅.၈၁၆ | +၂၃,၂၂၉.၆၄၁ | ၁၃၇.၂၆% | ၇၉.၉၁% |
| | | စုစုပေါင်း | ၂၂,၅၀၉.၁၄၀ | ၉,၅၉၃.၅၄၅ | +၁၂,၉၁၅.၅၉၅ | ၃၀,၈၉၅.၄၅၇ | ၇,၆၆၅.၈၁၆ | +၂၃,၂၂၉.၆၄၁ | ၁၃၇.၂၆% | ၇၉.၉၁% |

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လအတွက် ဒုတိယ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလကုန်အထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၂၂,၅၀၉.၁၄၀ | ၉,၁၀၀.၉၄၆ | +၁၃,၄၀၈.၁၉၄ | ၁၀,၈၉၃.၇၀၃ | ၇,၂၁၂.၃၅၆ | +၂၃,၆၈၁.၃၄၇ | ၁၃၇.၂၅% | ၇၉.၂၅% |
| | | စုစုပေါင်း | ၂၂,၅၀၉.၁၄၀ | ၉,၁၀၀.၉၄၆ | +၁၃,၄၀၈.၁၉၄ | ၁၀,၈၉၃.၇၀၃ | ၇,၂၁၂.၃၅၆ | +၂၃,၆၈၁.၃၄၇ | ၁၃၇.၂၅% | ၇၉.၂၅% |

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လအတွက် ဒုတိယ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလကုန်အထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | | ၄၉၂.၁၉၉ | -၄၉၂.၁၉၉ | ၁.၇၅၄ | ၄၅၃.၄၆၀ | -၄၅၁.၇၀၆ | | ၉၂.၁၃% |
| | | စုစုပေါင်း | | ၄၉၂.၁၉၉ | -၄၉၂.၁၉၉ | ၁.၇၅၄ | ၄၅၃.၄၆၀ | -၄၅၁.၇၀၆ | | ၉၂.၁၃% |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ၂၀၁၈ ခုနှစ် ၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက် ဒုတိယ(၃)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သောဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ သာမန်ရငွေပိုင်းတွင် ဒုတိယ(၃)လပတ်လျာထားချက် ကျပ် ၂၂,၅၀၉.၁၄၀ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၀,၈၉၃.၇၀၃ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၃၇.၂၅ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ်လျာထားချက် ကျပ် ၉,၁၀၀.၉၄၆ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၇,၂၁၂.၃၅၆ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၇၉.၂၅ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** အကျုံးဝင်မှတ်ပုံတင်သည့် အလုပ်ဌာနများမှ အာမခံအလုပ်သမားဦးရေတိုးတက်လာခြင်းနှင့် တိုးမြှင့်လာသောလုပ်ခလစာများဖြင့် ထည့်ဝင်ကြေးငွေများ ပေးဆောင်ပါသဖြင့် လျာထားချက်ထက် ပိုမိုရရှိခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင် ကွင်းဆင်းမည့် ခရီးစဉ်များအတွက် ခွင့်ပြုထုတ်ပေးရန် လျာထားသော်လည်း လျာထားချက်အတိုင်း ဆောင်ရွက်နိုင်မှုမရှိခြင်း၊ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်တွင် ပါဝင်သည့် မကျန်းမာမှု၊ မီးဖွားမှုများ၊ နာရေးစရိတ် အကျိုးခံစားခွင့်များနှင့် အလုပ်တွင် ထိခိုက်မှု အာမခံစနစ်တွင် ပါဝင်သော ယာယီမသန်စွမ်းမှု၊ အမြဲတမ်းမသန်စွမ်းမှု၊ အလုပ်ကိုအကြောင်းပြု၍ သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်များ ထုတ်ပေးရန် လျာထားသည့် အသုံးစရိတ်များသည် မမျှော်မှန်းနိုင်သည့် အသုံးစရိတ်များဖြစ်ခြင်း၊ ဆေးရုံကြီးများ၊ ရုံးခွဲများနှင့် ဆေးပေးခန်းများ ပြင်ဆင်ခြင်းလုပ်ငန်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးယာဉ်များ ပြင်ဆင်ခြင်းအတွက် သုံးစွဲရန် လျာထားသော်လည်း လိုအပ်သည့်လုပ်ငန်းများသာ ဆောင်ရွက်ခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သောဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် ဒုတိယ(၃)လပတ်လျာထားချက် မရှိသော်လည်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုမှာ

ကျပ် ၁.၇၅၄ သန်း ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃) လ ပတ်လျာထားချက် ကျပ် ၄၉၂.၅၉၉ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၄၅၃.၄၆၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၂.၀၅ ဖြစ်ပါသည်။

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** ဆောက်လုပ်ရေးလုပ်ငန်းများ စာရင်းစစ်ဆေးချက်အရ ပိုငွေများ ပြန်လည်ပေးသွင်းခြင်းနှင့် အဆောက်အဦ ရက်လွန်ဒဏ်ကြေးများ ပေးသွင်းခြင်းမှ ရငွေများ ရရှိခြင်း။

(၂) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** ဆေးပစ္စည်းကိရိယာ(၁)မျိုးအား ကြမ်းခင်းဈေးနှုန်းထက် ပိုမို၍ ဝယ်ယူနိုင်မှုမရှိခြင်းနှင့် တင်ဒါခေါ်ယူခြင်းမှ ဈေးနှုန်းများ လျော့နည်းခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း။

နောက်ဆက်တွဲ(ဃ)



## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လအတွက် ဒုတိယ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလကုန်အထိ)
## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း
## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၅,၁၈၈.၆၀၀ | ၄,၄၉၁.၆၇၉ | +၆၉၆.၉၂၁ | ၄,၂၄၈.၁၆၁ | ၅,၂၂၀.၅၆၂ | -၉၇၂.၄၀၁ | ၈၁.၈၇% | ၁၁၆.၂၅% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၄၅,၆၄၉.၀၉၆ | ၁၇၇,၉၄၈.၄၅၇ | -၃၂,၂၉၉.၃၆၁ | ၁၆၂,၆၅၈.၈၁၈ | ၁၃၅,၉၄၉.၉၇၈ | +၂၆,၇၀၈.၈၄၀ | ၁၁၁.၆၈% | ၇၆.၄၀% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၁၁၄,၇၃၅.၉၁၉ | ၆၄,၆၄၄.၀၆၆ | +၅၀,၀၉၁.၈၅၃ | ၁၅၀,၇၄၉.၃၄၄ | ၆၅,၂၃၂.၆၁၇ | +၈၅,၅၁၆.၇၂၇ | ၁၃၁.၃၉% | ၁၀၀.၉၁% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၁,၂၉၃,၁၅၂.၁၈၉ | ၁,၂၈၈,၃၈၁.၇၇၈ | +၄,၇၇၀.၆၅၁ | ၁,၅၈၆,၉၄၅.၃၇၄ | ၁,၅၀၇,၁၀၄.၅၁၂ | +၇၉,၈၄၀.၈၆၂ | ၁၂၂.၇၂% | ၁၁၆.၉၉% |
| | ၅ | စက်မှု | ၃၀,၁၀၂.၄၆၀ | ၉၄,၃၉၃.၀၅၀ | -၆၄,၂၉၀.၅၉၀ | ၃၁,၈၇၃.၄၀၂ | ၉၅,၇၆၄.၃၃၄ | -၆၃,၈၉၀.၉၃၂ | ၁၀၅.၈၈% | ၁၀၁.၄၅% |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၂၉၈,၁၃၆.၃၉၉ | ၃၁၃,၇၁၆.၄၇၁ | -၁၅,၅၈၀.၀၇၂ | ၂၉၉,၀၇၈.၇၄၅ | ၂၄၀,၃၇၆.၉၈၃ | +၅၈,၇၀၁.၇၆၂ | ၁၀၀.၃၂% | ၇၆.၆၂% |
| | | စုစုပေါင်း | ၁,၈၈၆,၉၆၄.၈၆၃ | ၁,၉၄၃,၅၇၅.၄၆၁ | -၅၆,၆၁၀.၅၉၈ | ၂,၂၃၅,၅၃၃.၈၄၄ | ၂,၀၄၉,၈၄၉.၉၈၆ | +၁၈၅,၇၀၃.၈၅၈ | ၁၁၈.၄၇% | ၁၀၅.၄၇% |

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လအတွက် ဒုတိယ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလကုန်အထိ)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | **နိုင်ငံတော်ပိုင်စီးပွားရေး** | | | | | | | | |
| | | **အဖွဲ့အစည်းများ** | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၅,၁၈၈.၆၀၀ | ၄,၄၀၇.၉၉၁ | +၇၈၀.၆၀၉ | ၄,၂၄၈.၁၆၁ | ၅,၁၃၅.၅၄၃ | -၈၈၇.၃၈၂ | ၈၁.၈၇% | ၁၁၆.၅၁% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၇၇,၁၈၃.၆၉၆ | ၆၂,၇၃၈.၂၁၉ | +၁၄,၄၄၅.၄၇၇ | ၁၂၃,၀၂၉.၀၄၈ | ၅၄,၄၆၂.၅၀၆ | +၆၈,၅၆၆.၅၄၂ | ၁၅၉.၄၀% | ၈၆.၈၁% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် | ၁၁၄,၇၃၀.၁၂၃ | ၆၄,၃၃၅.၅၇၈ | +၅၀,၃၉၄.၅၄၅ | ၁၅၀,၇၄၀.၅၁၂ | ၆၄,၈၉၄.၆၇၂ | +၈၅,၈၄၅.၈၄၀ | ၁၃၁.၃၉% | ၁၀၀.၈၇% |
| | | ထိန်းသိမ်းရေး | | | | | | | | |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၁,၁၇၆,၀၃၅.၉၀၂ | ၁,၀၅၈,၆၀၃.၉၃၇ | +၁၁၇,၄၃၁.၉၆၅ | ၁,၅၁၄,၈၅၄.၈၂၈ | ၁,၃၂၂,၄၇၁.၇၁၉ | +၁၉၂,၃၈၃.၁၀၉ | ၁၂၈.၈၁% | ၁၂၄.၉၃% |
| | ၅ | စက်မှု | ၃၀,၁၀၂.၄၆၀ | ၃၉,၄၉၇.၇၀၈ | -၉,၃၉၅.၂၄၈ | ၃၁,၇၄၁.၈၇၂ | ၃၆,၀၄၈.၀၉၈ | -၄,၃၀၆.၂၂၆ | ၁၀၅.၄၅% | ၉၁.၂၇% |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၁၈၅,၃၁၄.၈၀၅ | ၂၀၃,၂၄၆.၁၉၃ | -၁၇,၉၃၁.၃၈၈ | ၂၃၆,၄၆၂.၃၂၂ | ၂၁၇,၆၀၈.၂၀၇ | +၁၈,၈၅၄.၁၁၅ | ၁၂၇.၆၀% | ၁၀၇.၀၇% |
| | | စုစုပေါင်း | ၁,၅၈၈,၅၅၅.၅၈၆ | ၁,၄၃၂,၈၂၉.၆၂၆ | +၁၅၅,၇၂၅.၉၆၀ | ၂,၀၆၁,၀၇၆.၇၄၃ | ၁,၇၀၀,၆၂၀.၇၄၅ | +၃၆၀,၄၅၅.၉၉၈ | ၁၂၉.၇၅% | ၁၁၈.၆၉% |

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လအတွက် ဒုတိယ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလကုန်အထိ)
## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း
## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | **နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ** | | | | | | | | |
| | ၁ | ပြန်ကြားရေး | | ၈၃.၆၈၈ | -၈၃.၆၈၈ | | ၈၆.၀၁၉ | -၈၆.၀၁၉ | | ၁၀၂.၇၉% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၁,၆၅၈.၈၀၀ | ၁၀၂,၉၉၁.၀၀၅ | -၉၁,၃၃၂.၂၀၅ | ၃,၄၉၆.၃၈၈ | ၇၀,၉၁၇.၄၀၀ | -၆၇,၄၂၁.၀၁၂ | ၂၉.၉၉% | ၆၈.၈၆% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၅.၇၉၆ | ၃၀၈.၄၈၈ | -၃၀၂.၆၉၂ | ၈.၈၃၂ | ၃၃၇.၉၄၅ | -၃၂၉.၁၁၃ | ၁၅၂.၃၈% | ၁၀၉.၅၅% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၁၆၀.၄၀၀ | ၁၃၂,၉၃၉.၉၈၇ | -၁၃၂,၇၇၉.၅၈၇ | ၅၂.၈၀၀ | ၇၅,၁၂၉.၁၄၂ | -၇၅,၀၇၆.၇၄၂ | ၃၂.၉၂% | ၅၆.၅၁% |
| | ၅ | စက်မှု | | ၂၀,၇၅၇.၉၃၃ | -၂၀,၇၅၇.၉၃၃ | ၁၃၀.၅၃၀ | ၂၂,၀၁၄.၁၆၈ | -၂၁,၈၈၂.၆၃၈ | | ၁၀၆.၀၅% |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၂,၃၇၃.၆၀၀ | ၁၀,၀၄၉.၆၃၇ | -၇,၆၇၆.၀၃၇ | ၁၅၅.၂၇၈ | ၄,၉၂၉.၉၃၇ | -၄,၇၇၄.၆၅၉ | ၆.၅၄% | ၄၉.၀၆% |
| | | စုစုပေါင်း | ၁၄,၁၉၈.၅၉၆ | ၂၆၇,၁၃၀.၇၃၈ | -၂၅၂,၉၃၂.၁၄၂ | ၃,၈၄၄.၈၂၈ | ၁၇၃,၄၁၅.၀၁၁ | -၁၆၉,၅၇၀.၁၈၃ | ၂၇.၀၈% | ၆၄.၉၂% |

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လအတွက် ဒုတိယ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလကုန်အထိ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ကြေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | | | | | | | | |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၅၆,၈၀၆.၆၀၀ | ၁၂,၂၁၉.၂၃၃ | +၄၄,၅၈၇.၃၆၇ | ၃၆,၁၃၃.၃၈၂ | ၁၀,၅၇၀.၀၇၂ | +၂၅,၅၆၃.၃၁၀ | ၆၃.၆၀% | ၈၆.၅၀% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | | | | | | | | |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၁၁၆,၉၅၆.၀၈၇ | ၉၆,၈၃၇.၈၁၄ | +၂၀,၁၁၈.၂၇၃ | ၇၂,၀၃၃.၃၄၆ | ၁၀၉,၇၀၃.၂၅၁ | -၃၇,၆၆၅.၅၀၅ | ၆၁.၅၉% | ၁၁၃.၂၉% |
| | ၅ | စက်မှု | | ၃၄,၁၃၇.၄၀၉ | -၃၄,၁၃၇.၄၀၉ | | ၃၇,၇၀၂.၀၆၈ | -၃၇,၇၀၂.၀၆၈ | | ၁၁၀.၄၄% |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၁၁၀,၄၄၇.၉၉၄ | ၁၀၀,၄၂၀.၆၄၁ | +၁၀,၀၂၇.၃၅၃ | ၆၂,၄၆၁.၁၄၅ | ၁၇,၈၃၈.၈၃၉ | +၄၄,၆၂၂.၃၀၆ | ၅၆.၅၅% | ၁၇.၇၆% |
| | | စုစုပေါင်း | ၂၈၄,၂၁၀.၆၈၁ | ၂၄၃,၆၁၅.၀၉၇ | +၄၀,၅၉၅.၅၈၄ | ၁၇၀,၆၃၂.၂၇၃ | ၁၇၅,၈၁၄.၂၃၀ | -၅၁၈၁.၉၅၇ | ၆၀.၀၄% | ၇၂.၁၇% |

# နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏
# ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက် ဒုတိယ(၃)လပတ်
# လျာထားချက်ရငွေ၊သုံးငွေအပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအနေဖြင့်သာမန်ရငွေအပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၁,၅၈၈.၅၅၆ ဘီလီယံ အနက် ကျပ်၂,၀၆၁.၀၇၇ ဘီလီယံရရှိခဲ့ပြီး ၁၂၉.၇၅ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့ပါသည်။ သာမန်အသုံးစရိတ်တွင် ဒုတိယ(၃)လပတ်လျာထားချက် ကျပ် ၁,၄၃၂.၈၃၀ ဘီလီယံ အနက် ကျပ် ၁,၇၀၀.၆၂၁ ဘီလီယံသုံးစွဲခဲ့၍ ၁၁၈.၆၉ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် ကျင်းခိုလှုံခ၊ အဆောက်အဦနှင့်မြေငှားရမ်းခြင်းတို့မှ ဝင်ငွေရရှိခြင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် Operator အသစ်ဖြစ်သည့် MyTel သည် ဇွန်လတွင် စတင်ဝင်ရောက်ခဲ့သဖြင့် ခန့်မှန်းသည်ထက် ဝင်ငွေပိုမိုရရှိခြင်း၊ မြန်မာ့စာတိုက်လုပ်ငန်းတွင် Online Shopping လုပ်ငန်း၊ ဘဏ်နှင့်ငွေလွှဲခြင်းစသောလုပ်ငန်းသစ်များမှ ဝန်ဆောင်ခများရရှိခြင်း၊ ရန်ကုန်စာတိုက်ကြီးနှစ်(၁၁၀)ပြည့် အထူးထုတ်တံဆိပ်ခေါင်းများရောင်းချခြင်းမှ ဝင်ငွေများရရှိခြင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းတွင် သစ်လုံးနှင့်သစ်ခွဲသားများအား ပြည်တွင်း၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနတို့မှ အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချခြင်းကြောင့်ဈေးနှုန်းပိုမိုရရှိခြင်း၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းတွင် တင်ဒါခေါ်ယူထားသော သတ္တုများရောင်းချနိုင်ခဲ့ခြင်းကြောင့်ပိုမိုရခြင်း၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတွင် နိုင်ငံခြားငွေဖြင့်ရောင်းချသော 55th Myanma Gems Emporium Pearl Auction ပွဲမှ ပုလဲရောင်းရငွေများ ပိုမိုရရှိခြင်း နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် မုတ်ကောင်ငုပ်ရေယာဉ်မှတ်ပုံ တင်ကြေးနှင့် နှစ်စဉ်ကြေးများအား ကြိုတင်ငွေရရှိခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းတွင် စာချုပ်ချုပ်ဆိုဝယ်ယူခဲ့သည့် ပစ္စည်းများ အချိန်မီမရောက်ရှိခြင်းကြောင့် နောက်ကျဒဏ်ကြေးများရရှိခဲ့ခြင်း၊ လျှပ်စစ်

ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ ဓာတ်တိုင်များတွင် ကုမ္ပဏီများက Wifi ချိတ်ဆက်မှုကိရိယာပစ္စည်းများတပ်ဆင်ခြင်းအတွက် ငှားရမ်းခများရရှိခြင်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် သဘာဝဓာတ်ငွေ့နှင့်လေဆီများအား ပြည်တွင်း/ပြည်ပသို့တင်ပို့ရောင်းချရာတွင် လျာထားချက်ထက်ပိုမိုရောင်းချခဲ့ရခြင်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းသည် ယူရီးယား၊ ရေနံမီးသွေးနှင့် ရေနံဓာတ်ငွေ့ရည်များ လျာထားချက်ထက် ပိုမိုထုတ်လုပ်ရောင်းချခဲ့ခြင်းနှင့် ပိုမိုပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်နှင့်ဝင်ငွေခွန်တို့မှ ပြန်အမ်းငွေများ ပြန်လည်ရရှိခဲ့ခြင်း၊ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းတွင် နှစ်ဟောင်းကြွေးကျန် Billet ဖိုးများပြန်လည်ရရှိခြင်း၊ သံရည်ကျိုရာတွင် အသုံးပြု၍မရသောအင်ဂျင်ပျက်များအား လေလံတင်ရောင်းချရခြင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်းတွင် ဌာနကြီးများ၊ အရောင်းကိုယ်စားလှယ်များနှင့် အရောင်းဆိုင်များမှကုန်ရောင်းရငွေများ ပိုမိုရရှိခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ထုတ်ချေးငွေအပေါ်အတိုးရငွေ၊ ရင်းနှီးမြှုပ်နှံမှုအပေါ်မှ အတိုးရငွေ၊ ကော်မရှင်နှင့်ဆောင်ရွက်မှုမှရငွေများ၊ အာမခံရငွေများ ပိုမိုလာခြင်းကြောင့် လျာထားချက်ထက်ပိုမိုရရှိခြင်းဖြစ်ပါသည်။

(၂) **သာမန်ရငွေလျော့နည်းရရှိမှု။** ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် ကြော်ငြာခရငွေများ လျော့နည်းရရှိခြင်းကြောင့် ဖြစ်ပါသည်။

(၃) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** ပြန်ကြားရေးဝန်ကြီးဌာနတွင်လစာနှုန်းများတိုးမြှင့်သတ်မှတ်ခြင်းကြောင့် နေ့စားဝန်ထမ်းများလစာ တိုးလာခြင်းနှင့်နှစ်တိုးလစာများပေးရခြင်း၊ ပင်စင်စားများသည် ဘတ်ဂျက်နှစ်ကုန်မှ လာရောက်ထုတ်ယူခြင်း၊ သတင်းထောက်များအရာထမ်း၊ အမှုထမ်းများတာဝန်ထမ်းဆောင်ရာတွင် ပြည်တွင်း၊ပြည်ပခရီးစဉ်များနှင့် သတင်းယူခရီးစဉ်များပိုမိုခြင်း၊ နိုင်ငံခြားမှမှာယူထားသော ကုန်ကြမ်းပစ္စည်းများ ဒုတိယ(၃)လပတ်ရောက်ရှိမှသာ ပေးချေခဲ့ရခြင်း၊ ရန်ကုန်(ရုံးချုပ်) အဆောက်အဦကိုပြင်ဆင်ရခြင်းတို့ကြောင့်ပိုမိုခြင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းတွင် ထုတ်လုပ်မှုစရိတ်ကြွေးကျန်များ လျာထားသည်ထက်ပိုမိုပေးချေရခြင်း၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းတွင် ဝန်ထမ်းများအား အလှည့်ကျလုပ်ကွက်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ခရီးစရိတ်များ ထုတ်ပေးခဲ့ရခြင်းနှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၏ ပထမ(၃)လပတ်တွင်

